# ဂုဏ်ပြုခံရခြင်း

မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (Myanma Institute of Theology) ၏ ၂၀၀၉ ခုနှစ်၊ မတ်လ (၇) ရက်တွင် ပြုလုပ်ခဲ့သောဘွဲ့နှင်းသဘင်ဝတ်ပြုခြင်းတွင် မြန်မာနိုင်ငံကျမ်းစာအသင်း၏ ဥက္ကဋ္ဌဟောင်းဖြစ်သော သာသနာပိုင်ကြီးမန်းစံစီဌေးနှင့်အထွေထွေအတွင်းရေးမှူးတို့သည် အခြားသာသနာ့ခေါင်းဆောင်ကြီးများ ဖြစ်ကြသော သိက္ခာတော်ရဆရာဦးဝင်းတင်၊ သိက္ခာတော်ရဆရာဦးသာဒင်၊ သိက္ခာတော်ရဆရာ ဦးအာသာကိုလေးတို့နှင့်အတူ ဂုဏ်ထူးဆောင်ဓမ္မပါရဂူဘွဲ့ (DD) ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

# သာသနာ့တာဝန်ပြောင်းရွှေ့ထမ်းဆောင်မည်

မြန်မာနိုင်ငံကျမ်းစာအသင်း၏ ဖြန့်ချိရေးအတွင်းရေးမှူးတာဝန်ကို (၁၀) နှစ်တိုင်တိုင်ထမ်းဆောင်ခဲ့သော ဘုန်းတော်ကြီးဂျိမ်းစ်မင်းဒိန်သည် စစ်တွေသာသနာနယ်၏တတိယမြောက်နယ်စီးသာသနာပိုင်ကြီး အဖြစ် ၂၀၀၉ခုနှစ် ဧပြီလ(၇)ရက်နေ့၌ ရွေးချယ်ခြင်းခံရပါသည်။ ဘုန်းတော်ကြီးသည် ဩဂုတ်လ (၂၃) ရက်နေ့တွင် သာသနာပိုင်အဖြစ်ဘိသိက်ခံယူမည်ဖြစ်သောကြောင့် ၂၀၀၉ခုနှစ်ဇူလိုင်လကုန်မှစ၍ မြန်မာနိုင်ငံကျမ်းစာအသင်း မှပြောင်းရွှေ့ကာစစ်တွေသာသနယ်သို့ သသာသနာ့တာဝန်ထမ်းဆောင်ရ မည် ဖြစ်ပါသည်။